## စမွတ်စခွန်နယ်တစ်ဝိုက်အတွင်းမှာရှိတဲ့ မူလတန်းပညာရေးဝန်ဆောင်မှုပေးသောဇရိယာရုံး၏ကြေညာချက်

### စမွတ်စခွန်နယ်တစ်ဝိုက်အတွင်း မူလတန်းပညာရေးဝန်ဆောင်မှုပေးသောဇရိယာရုံး၏ အုပ်ချုပ်ရေးနှင့်ပါတ်သက်သောရည်ရွယ်ချက်

.........................................

စမွတ်စခွန်မြို့နယ်မှာရှိတဲ့ မူလတန်းပညာရေးဝန်ဆောင်မှုဇရိယာရုံး၏ အုပ်ချုပ်ရေးစနစ်နှင့် ၎င်း၏စည်းရုံးရေး စီမံခန့်ခွဲရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်များကို လေးလေးနက်နက် အာရုံစိုက်ကာကွယ် လုပ်ဆောင်သွားရန် ရည်ရွယ်ချက်ဖြင့် အကျင့်ပျက်ခြစားမှုများနှင့် လက်မခံနိုင်သော လုပ်ဆောင်ချက်များကို ဖျက်သိမ်းသွားရန်ဖြစ်သည်။ အဖွဲ့အစည်း၏ အခြေခံစည်းမျဉ်းစည်းကမ်းများနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်များကို အဖွဲ့အစည်း၏ လုပ်ဆောင်ချက်များအတိုင်းဖွဲ့စည်းထားပြီး အများပြည်သူလက်ခံနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ စမွတ်စခွန် မူလတန်းပညာရေးဝန်ဆောင်မှုဇရိယာရုံး၏ ခေါင်းဆောင်တစ်ယောက်အနေဖြင့် ကျွန်တော်သည် ဤအဖွဲ့အစည်းကို စီမံခန့်ခွဲရာတွင် တည်ကြည်ဖြောင့်မတ်ခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ တာဝန်ခံခြင်း နှင့် တာဝန်သိခြင်းတို့ကိုအခြေခံ၍ အကျင့်ပျက်ခြစားမှုပုံစံအားလုံးကို ဆန့်ကျင်တိုက်ခိုက်နေသည်ကို ကျွန်တော်ကြေညာချင်ပါသည်။ ထိုကြောင့် ကျွန်တော်သည် အမှုထမ်းများအားလုံးကို ၎င်းတို့၏ အလုပ်တာဝန်များကို လုပ်ဆောင်ကြရာတွင်ကြိုးစားကြရန်၊ ရိုးသားဖြောင့်မတ်ကြရန်နှင့် ဂုဏ်သိက္ခာရှိရှိ အလုပ်လုပ်ကြပြီး အကျင့်ပျက်ခြစားမှုများကို ရှောင်ကြည်ပြီး အောက်ပါအခြေခံသဘောတရားတွေကို လိုက်နာကြပါရန် တိုက်တွန်းအပ်ပါသည်။

၁။ ပွင့်လင်းမြင်သာခြင်း - ကျွန်တော်တို့သည် တရားဝင်အလုပ်များကို အကောင်အထည် ဖော်ဆောင်လုပ်ကိုင်ခြင်း နှင့် စပ်လျဉ်း၍ အချက်အလက်များကို အကောင်ထည်ဖော်လုပ်ဆောင်ရန်လိုအပ်ပါသည်။ စမွတ်စခွန် မူလတန်းပညာရေး ဝန်ဆောင်မှုရုံးတွင် စီမံခန့်ခွဲမှုစနစ်များကို တိုင်ကြားမှုများနှင့် ပတ်သတ်ပြီး စစ်ဆေးခံရာ၌ ပါဝင်ဆောင်ရွက်ရန် အများပြည်သူ သို့မဟုတ် သက်ဆိုင်သူများအတွက်အခွင့်အလမ်းများပေးပြီး ရှင်းလင်းတိကျတဲ့ အုပ်ချုပ်ရေးကိုတည်ထောင်ပါမည်။

၂။ တာဝန်ခံခြင်း - ကျွန်တော်တို့၏တာဝန်များကို ဥပဒေနှင့်စည်းမျဉ်းများအတိုင်း ဥပဒေပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို အခြေခံပြီး တာဝန်ယူမှုအပြည့်ဖြင့်ဆုံးဖြတ်ချက်များကိုချမှတ်ပါမည်။ သို့မှသာ အုပ်ချုပ်ရေးအပိုင်းနှင့်စီမံခန့်ခွဲမှုဆိုင်ရာစနစ်များကို လုပ်ကိုင်ရာတွင် ပြည်သူများ၏ယုံကြည်လက်ခံမှုကို ရရှိစေလိမ့်မည်။

၃။ အကျင့်ပျက်ခြစားမှုကင်းမဲ့ခြင်း - ကျွန်တော်တို့သည် လုပ်ငန်းတာဝန်များကို ပုဂ္ဂိုလ်ရေးအကျိုးအတွက် လာဘ်ပေးလာဘ်ယူ သို့မဟုတ် အခွင့်အရေးယူအသုံးချခြင်းမှ လုံးဝရှောင်ကြည်ပြီး ရိုးရိုးသားသားဆောက်ရွက်ပါမည်။

၄။ အဖွဲ့အစည်းယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာ - ကျွန်တို့သည် မည်သည့်အကျင့်ပျက်ခြစားမှုမျိုးကိုမဆို သည်းခံမည်မဟုတ်ပါ၊ အဖွဲ့အစည်းအတွင်းမည်သည့်အကျင့်ပျက်ခြစားမှုမျိုးကိုမဆိုတွေ့ရှိပါက အဆုံးသတ်ရပေလိမ့်မည်။

၅။ အဖွဲ့အစည်းလုပ်ငန်းနှင့် ကိုယ်ကျင့်တရား - ကျွန်တော်တို့သည် လိုရင်းတိုရှင်းတဲ့ စံချိန်စံညွှန်း စွမ်းဆောင်ရည်နှင့်စနစ်များကို ချမှတ်ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာစီမံခန့်ခွဲမှု၊ ငွေကြေးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် အလုပ်တာဝန်များကို တာဝန်ယူမှုတာဝန်ခံမှုအပြည့်ဖြင့် လုပ်ဆောင်သွားပါမည်။

ယခုထုတ်ပြန်ကြေညာချက်သည် အသိအမှတ်ပြုခဲ့ပြီးဖြစ်၍ အားလုံးပါဝင်ကျင့်သုံးကြရပါမည်။

ဤကြေညာချက်ကို ဧပြီလ(...၃၀...)ရက်နေ့၊ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ကြေညာပါသည်။

(Mr. Tawee Tanok)

စမွတ်စခွန် မူလတန်းပညာရေးဝန်ဆောင်မှုပေးသောရုံး၏ညွှန်ကြားရေးမှူး